“အသက်အရွယ်ကြီးရင့်သွားသူ၏ နှလုံးသားသည်

အရာနှစ်ခုတွင် နုပျိုနေတတ်၏- လောကီကို

တပ်မက်ခြင်းနှင့် မျှော်လင့်ချက် ရှည်လျားခြင်းတို့၌ဖြစ်သည်။”

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု) ကဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။
“အသက်အရွယ်ကြီးရင့်သွားသူ၏ နှလုံးသားသည် အရာနှစ်ခုတွင် နုပျိုနေတတ်၏- လောကီကို
တပ်မက်ခြင်းနှင့် မျှော်လင့်ချက် ရှည်လျားခြင်းတို့၌ ဖြစ်သည်။” [صحيح] [رواه البخاري]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်— အသက်အရွယ်ကြီးရင့်လာသူသည် ၎င်း၏ကိုယ်ခန္ဓာမှာ အားနည်းသွားသော်လည်းသူ၏စိတ်နှလုံးမှာမူ အရာနှစ်ခုကို နှစ်သက်ရာ၌ နုပျိုနေတတ်၏။ ပထမ - စည်းစိမ်ဥစ္စာပေါများခြင်းအားဖြင့် လောကီဘဝကို ချစ်မြတ်နိုးခြင်း။ ဒုတိယ - သက်တမ်းရှည်လျားခြင်း၊အသက်ရှည်ခြင်း၊ ရှင်သန်နေထိုင်ခြင်းနှင့် မျှော်လင့်ချက် ရှည်လျားခြင်းတို့ကိုချစ်မြတ်နိုးခြင်း။

http://www.sunnah.global/hadeeth/my/show/66221